# Highlights from DVB Debate's Concluding Harassment Show

# November 26, 2016

# "How to stop Harassment?"

"ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်တာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်တာ ဒါတွေက ထင်သာမြင်သာရှိတဲ့ အကြမ်းဖက်မှုတွေပါ"

နော်သဂါး - ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန

---

"လင်မယားတွေ ရန်ဖြစ်နေကြပြီဆို ဘယ်လောက်ပဲ ရိုက်နှက်နေလည်း ပတ်ဝန်းကျင်ကလူတွေက တအားကြီး မဆိုးလာသေးသမျှ ဝင်ပါဖို့တအားဝန်လေးတယ်လေ။ ဒါမျိုးတွေ ကိုင်တွယ်ရတာလည်း အင်မတန်ခက်ခဲပါတယ်"

ဒေါ်စုစုငယ် - ပွဲကိုင်ကော်မတီဝင်၊ ကျားမတန်းတူညီမျှရေးကွန်ရက်

---

"တကမ္ဘာလုံးမှာ အမျိုးသမီး ၃ ယောက်မှာ ၁ ယောက် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားနှောင့်ယှက်မှုခံနေရတယ်။ ခံရတဲ့သူတွေထဲမှာ ဘယ်နယောက်ကများ ရဲစခန်းသွားနေလဲ? နှစ်သိမ့်ဆွေးနွေးအကြံပေးတာမျိုး လုပ်နိုင်နေလဲ? အဲလိုလုပ်တဲ့အခါမှာ သူတို့အတွက် လျှို့ဝှက်သိုသိပ်မှု ဘယ်လောက်ပေးနိုင်လဲ ဆိုတာတွေရှိတယ်"

ဆိုင်းအောင်စိန်မြင့် - ကုလသမဂ္ဂလူဦးရေဆိုင်ရာရန်ပုံငွေအဖွဲ့

---

"ဆံပင်၊ အဝတ်အစား၊ ခန္ဓာကိုယ်အဖောင်း အပိန်ကို ကြည့်ပြီး မုဒိမ်းပြုကျင့်သူတွေက သားကောင်ရွေးချယ်တာ။ အချိန်ကာလနဲ့ ဝန်းကျင်ပေါ်မူတည်ပြီး ဝတ်စားသင့်တာပေါ့"

ဦးသက်နိုင် - Knowledge Zone ပညာရေးစင်တာ တည်ထောင်သူ

"အဝတ်အစားကြောင့်လို့ဆိုတာကို ကျမလက်မခံပါဘူး။ အခုတက်လာတဲ့ စာရင်းအင်းတွေအရဆို ကလေးသူငယ်တွေ မုဒိမ်းကျင့်ခံရတာများလာနေတယ်. ကလေးတွေ သီလရှင်ဆရာလေးတွေ သူတို့တွေက ဘယ်လိုများ ဝတ်စားဆင်ယင်နေလို့လဲ"

ဒေါ်စုစုငယ် - ပွဲကိုင်ကော်မတီဝင်၊ ကျားမတန်းတူညီမျှရေးကွန်ရက်

---

"လူတဦးတယောက်ရဲ့ ဖြစ်တည်မှုပေါ်မှာ ကိုယ်၊ နှုတ် အမူအရာ တခုခုနဲ့ လုပ်တာတွေဟာ ထိပါးစော်ကားနှောင့်ယှက်မှုမြောက်ပါတယ်"

ဆိုင်းအောင်စိန်မြင့် - ကုလသမဂ္ဂလူဦးရေဆိုင်ရာရန်ပုံငွေအဖွဲ့

---

"အကြမ်းဖက်ခံရမှုတွေကို ဥပဒေတွေ ရေးဆွဲနေရုံနဲ့ အလုပ်မဖြစ်ဘူး။ စာပေ၊ ပညာရေးနဲ့ အနုပညာဖန်တီးမှုတွေမှာ သင်ကြားပေးရင်းနဲ့ ပြောင်းလဲရမယ်"

ဦးကျော်စွာ - အယ်ဒီတာ၊ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီဂျာနယ်

---